# နေကြည့်မျက်မှန် -

## အသုံးပြုရန် လမ်းညွှန်ချက်များ






**အလုံးစုံ နေကြတ်ခြင်း**

*တနင်္လာနေ့၊ ဩဂုတ်လ ၂၁ ရက်၊ ၂၀၁၇*

© 2016-2017
Eclipse2017.org, inc.

# TERMS AND CONDITIONS FOR USE OF SOLAR VIEWER

**Please read these Instructions for Use carefully before using the Solar Viewer. Your purchase and use of the Solar Viewer constitutes your agreement to these terms and conditions. Failure to follow these Instructions for Use may result in serious personal injury, including permanent eye damage. If you do not understand these Instructions or cannot follow them diligently and completely, then you should not look at the Sun at any time, with or without a Solar Viewer.**

The term "Solar Viewer" refers to the special cardboard-and-polymer optical products, marked "SAFE FOR DIRECT SOLAR VIEWING", manufactured by Rainbow Symphony of Reseda CA, and sold by Eclipse2017.org for the purpose of viewing the Sun during the solar eclipse of August 21, 2017, by or under the direct supervision of a person 18 years of age or above and in accordance with these Instructions for Use.

Observing the Sun directly, without the benefit of eye protection provided by the Solar Viewer, will likely result in serious personal injury, up to and including permanent eye damage and blindness. When these Instructions for Use are followed completely and precisely, the undamaged and unmodified Solar Viewer has been proven to be safe and effective in allowing direct, short-term, viewing of the Sun. If these Instructions for Use are not followed, or if damaged or modified Solar Viewers are used, permanent eye injury could result.

You should never look directly at the Sun, with or without the aid of the Solar Viewer, if you have any temporary or permanent medical or other condition which either (1) prevents your use of the Solar Viewer according to these Instructions for Use, or (2) which predisposes you to an increased or special risk of incurring, worsening, or contributing to the effects of any optical or other medical, health, or other condition, by looking or attempting to look at the Sun.

You should never attempt to perform any other activity (such as driving or walking) while using the Solar Viewer.

You agree that if you let others use the Solar Viewer, you will provide each such user with a copy of these Instructions for Use and will make sure such user reads and understands the Instructions for Use before using the Solar Viewer.

By using the Solar Viewer to view the Sun, you agree with the following:

(a) you understand these Instructions for Use completely;
(b) you understand and accept the risks associated with improper use of the Solar Viewer;
(c) you accept full responsibility for, and assume all risks associated with, the act of viewing the Sun, with or without the use of the Solar Viewer; and
(d) the Solar Viewer is fragile and any damage to it or modification of it will render it immediately and permanently unusable for its intended purpose.

Release and Limitation of Liability

By way of purchasing and using the Solar Viewer, you are irrevocably releasing, indemnifying, and holding harmless the manufacturer and seller from any liability, loss, claim and expense (including attorney's fees), including but not limited to bodily injury or other personal harm, which may result from using the Solar Viewer under any circumstances or conditions and irrespective of jurisdiction. Neither the manufacturer nor the seller will be responsible for any damages of any kind, irrespective of reasons, conditions or circumstances, including malfunctioning of the Solar Viewer. All risks associated with using the Solar Viewer rest solely and entirely with the user, irrespective of whether the Solar Viewer is used by the original purchaser or any third party. You fully understand and assume the risks in using the Solar Viewer. You confirm that you have read this release of liability and fully understand its terms and that you have given up substantial rights by purchasing and using the Solar Viewer.

THE MANUFACTURER AND SELLER OF THE SOLAR VIEWER MAKE NO WARRANTY OF ANY KIND, EXPRESSED OR IMPLIED, WITH RESPECT TO THE SOLAR VIEWER, INCLUDING BUT NOT LIMITED TO THE IMPLIED WARRANTIES OF MERCHANTABILITY, FITNESS FOR A PARTICULAR PURPOSE, AND NON-INFRINGMENT. NEITHER THE MANUFACTURER NOR THE SELLER SHALL BE LIABLE FOR ANY OTHER DAMAGES, INCLUDING BUT NOT LIMITED TO DIRECT, INDIRECT, INCIDENTAL, SPECIAL, CONSEQUENTIAL, OR EXEMPLARY DAMAGES, WHETHER IN AN ACTION IN CONTRACT OR TORT (INCLUDING NEGLIGENCE AND STRICT LIABILITY), SUCH AS, BUT NOT LIMITED TO, LOSS OF ANTICIPATED PROFITS OR BENEFITS RESULTING FROM, OR ARISING OUT OF, OR IN CONNECTION WITH THE USE OR FURNISHING OF THE SOLAR VIEWER OR THE PERFORMANCE, USE OR INABILITY TO USE THE SAME, EVEN IF THE MANUFACTURER OR SELLER HAS BEEN ADVISED OF THE POSSIBILITY OF SUCH DAMAGES. IN NO EVENT WILL THE MANUFACTURER'S OR SELLER'S TOTAL LIABILITY EXCEED THE PRICE PAID FOR THE PRODUCT.

Note Regarding Translations

Translations of these Instructions for Use into various languages are provided "AS-IS" and solely for the convenience of the reader. Eclipse2017.org has made reasonable efforts to ensure the accuracy of the Translations; however, in the event of any perceived discrepancy in meaning or interpretation between the English version and any Translation, the English version will prevail. You should not act in reliance on anything contained in any Translation of these Instructions for Use, but should refer to the official English version.


*© 2016-2017*
*Eclipse2017.org, inc.*


# *အလုံးစုံနေကြတ်ခြင်း - ဩဂုတ်လ ၂၁ ရက်၊ ၂၀၁၇*

**အမေရိကန် ပြည်ထောင်စုမှ ကြိုဆိုပါ၏။**

အလုံးစုံနေကြတ်ခြင်းကိုကြည့်ရှုရန်အတွက် ကျွန်ုပ်တို့နိုင်ငံသို့လာရောက်လည်ပတ်ရန် သင်မှ ရွေးချယ်ခြင်းအတွက် ကျွန်ုပ်တို့က များစွာ ဂုဏ်ယူပါသည်။ ထို့အပြင် ကျွန်ုပ်တို့အနေဖြင့် ဤခမ်းနားကြီးကျယ်သောအခိုက်အတန့်တွင် လူတိုင်းဘေးအန္တရာယ်ကင်းရှင်းစွာ ကြည့်ရှု နိုင်စေလိုပါသည်။

*မြန်မာစာဖြင့် လမ်းညွှန်ချက်များကို ဖော်ပြထားခြင်းမှာ ဖတ်ရှုရလွယ်ကူ အဆင်ပြေစေရန်သာ ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသော လမ်းညွှန်ချက်များ၊ အညွှန်းများနှင့် ငြင်းဆိုချက်များ (လမ်းညွှန်ချက်များ) မှာ နေကို တိုက်ရိုက် ကြည့်ရှုရာတွင် နေကြည့်မျက်မှန်အား စနစ်ကျမှန်ကန်စွာအသုံးပြုနိုင်စေမည့် ပြည့်စုံသောအချက်အလက်များနှင့် လမ်းညွှန်ချက်များ ဖြစ်ပါသည်။ လမ်းညွှန်ချက် များအား [http://tinyurl.com/viewer-instructions](http://tinyurl.com/viewer-instructions) တွင် ရရှိနိုင်ပြီး သင်သည် နေကြည့်မျက်မှန်ကို အသုံးပြုရန်အတွက် အဆိုပါအချက်များကို ဖတ်ရှု နားလည်၊ လိုက်နာရမည်ဖြစ်ပါသည်။ **လမ်းညွှန်ချက်များအား လိုက်နာရန်ပျက်ကွက်ပါက ပြင်းထန်သော ထိခိုက်ဒဏ်ရာရမှုအထိ ဖြစ်နိုင်ပါသည်။***

နက္ခတ္တဗေဒပညာရှင်များက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဖြစ်ပေါ်မည့် နေကြတ်ခြင်းကို "အလုံးစုံနေကြတ်ခြင်း" ဟု ခေါ်ကြသည်။ သို့ရာတွင် အပြည့်အဝနေကြတ်ခြင်းကိုမြင်နိုင်ရန်အတွက် သင့်အနေဖြင့် အမေရိကန်ပြည်ထောင်စုတစ်လျှောက်တွင်ရှိသော အလွန် ကျဉ်းမြောင်းသည့် နယ်မြေ (အပြည့်အဝနေကြတ်ခြင်းကိုမြင်ရသည့်လမ်းကြောင်းဟုခေါ်သော) တွင် ရှိရမည်ဖြစ်သည်။ အကယ်၍ အဆိုပါလမ်းကြောင်း ပေါ်တွင် ရှိမနေပါက သင်သည် တစိတ်တပိုင်းနေကြတ်ခြင်းကိုသာမြင်ရမည်ဖြစ်သည်။ ထို့ကြောင့် သင့်အနေဖြင့် အပြည့်အဝ နေကြတ်ခြင်းကို မြင်ရသည့် လမ်းကြောင်းပေါ်တွင် ရှိမရှိသိရှိရန်မှာ အလွန်အရေးကြီးပြီး၊ သင်အသုံးပြုရမည့်နည်းလမ်းကို အောက်တွင် ရှင်းပြမည်ဖြစ်သည်။



*အပြည့်အဝနေကြတ်ခြင်းကိုမြင်ရသည့်လမ်းကြောင်း*

# [စတင်အသုံးပြုရန်လမ်းညွှန်](#) [အသေးစိတ်လမ်းညွှန်ချက်များ](#)

ဤစာ၏ မည်သည့်နေရာတွင်မဆို ပါဝင်သော "နေကြည့်မျက်မှန်" ဟူသော အသုံးအနှုန်းသည် ပထမစာမျက်နှာရှိ ငြင်းဆိုချက်တွင် ပါဝင်သော "Solar Viewer" ဟူသော စကားလုံးကို ရည်ညွှန်းသည်။

နေကိုကြည့်ရန် နေကြည့်မျက်မှန်ကိုသင်အသုံးပြုခြင်းတွင် တရားဝင်သဘောတူညီမှုတစ်ရပ် ပါဝင်ပါသည်။ နေကိုကြည့်ရန်အတွက် နေကြည့် မျက်မှန် အသုံးပြုသည့် မည်သည့်အချိန်တွင်မဆို ဤလမ်းညွှန်ချက်ပါလမ်းညွှန်ချက်များနှင့် အညွှန်းများအားလုံးကို တိကျသေချာစွာ လိုက်နာ ရမည်ဖြစ်သည်။ သင့်အနေဖြင့် ဤလမ်းညွှန်ချက်များကို နားမလည်ခြင်း သို့မဟုတ် တိတိကျကျ အသေအချာ မလိုက်နာနိုင်ခြင်း သို့မဟုတ် ဖော်ပြပါအချက်အလက်များကို သဘောမတူခြင်းတို့ရှိပါက မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ မည်သည့်အချိန်တွင်မဆို နေကိုကြည့်ရှုရန် မကြိုးစားသင့်ကြောင်း လမ်းညွှန်အကြံပြုလိုပါသည်။

*© 2016-2017*
*Eclipse2017.org, inc.*

# နေကြည့်မျက်မှန်စတင်အသုံးပြုရန်အမြန်လမ်းညွှန်

*ဤစတင်အသုံးပြုရန်အမြန်လမ်းညွှန်အား နေကြည့်မျက်မှန်ကိုအသုံးပြု၍ နေကြတ်ခြင်းကို ကြည့်သည့် အခါတိုင်းတွင် သင်မှ အသေအချာ ဖတ်ရှု၊ နားလည်၊ လိုက်နာရမည့် အသေးစိတ်လမ်းညွှန်ချက်များမှ အချက်များကို မြန်မာဘာသာဖြင့် အတိုချုပ်၍ ဖော်ပြထားသည်။*

၁) သင့်နေရာမှာ အပြည့်အဝနေကြတ်ခြင်းကို မြင်တွေ့ရမည့်နေရာတွင် ပါ၊မပါဆိုခြင်းအား http://tinyurl.com/find-times တွင် ကြည့်ရှုနိုင်သည့်အပြင် အဆိုပါနေရာအတွက် တစိတ်တပိုင်းနေကြတ်ခြင်းနှင့် အပြည့်အဝနေကြတ်ခြင်း (မြင်ရနိုင်လျင်) တို့ကို တွေ့မြင်ရမည့် ခန့်မှန်းချိန်ကိုလည်း ရှာဖွေနိုင်ပါသည်။

၂) အလုံးစုံနေကြတ်ခြင်းသည် ကြီးကျယ်ခမ်းနားသော အခိုက်အတန့် တစ်ခုဖြစ်သည်။ သို့ရာတွင် သင့်အနေဖြင့် အပြည့်အဝ နေကြတ်ခြင်းကို မြင်ရသည့်လမ်းကြောင်းပေါ်တွင်ရှိမှသာလျှင် ထိုအလုံးစုံနေကြတ်ခြင်းအတွေ့အကြုံကို ခံစားနိုင်မည်ဖြစ်သည်။ အဆိုပါလမ်းကြောင်းသည် အကျယ်အဝန်းအားဖြင့် မိုင်တစ်ရာမျှသာရှိသည်။ အကယ်၍ သင်ကြိုတင်စီစဉ်ထားသောနေရာသည် အပြည့်အဝနေကြတ်ခြင်းကို မတွေ့မြင်နိုင်သောနေရာဖြစ်ပါက အပြည့်အဝနေကြတ်ခြင်းကိုမြင်တွေ့ရသည့် လမ်းကြောင်းပေါ်ရှိ နေရာ တစ်ခုသို့ ပြန်လည်ပြောင်းရွှေ့ရန် သင့်အား ကျွန်ုပ်တို့မှ အလေးအနက်တိုက်တွန်းလိုပါသည်။

၃) နေကြည့်မျက်မှန်အားအသုံးပြု၍ နေကြတ်ခြင်းကိုကြည့်ရှုရန်အတွက် နေကြည့်မျက်မှန်၏ မှန်ဘီလူးအစိတ်အပိုင်းကို သင့်မျက်စိပေါ်တွင် တိုက်ရိုက်ဖုံးအုပ်ကိုင်တွယ်ထားရမည်ဖြစ်သည်။ သို့မှသာ သင့်မျက်လုံးများအား နေကိုတိုက်ရိုက်ကြည့်ရှုမိခြင်းမှ အပြည့်အဝ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

၄) နေကိုကြည့်ရန်အတွက် နေကြည့်မျက်မှန်ကို အသုံးပြုသောအခါ -

(က) အကယ်၍ အပြည့်အဝနေကြတ်ခြင်းကို သင့်နေရာမှ**မမြင်တွေ့နိုင်ပါက** သင့်အနေဖြင့် နေကြည့်မျက်မှန်ကို အချိန်ပြည့် အသုံးပြု၍ ကြည့်ရှုပါ။ နေကို သင့်လျော်သောမျက်စိအကာအကွယ်မပါဘဲကြည့်ရှုခြင်းသည် သင့်မျက်စိများအား ထာဝရ ထိခိုက်ပျက်စီးသွားစေနိုင်ပါသည်။

(ခ) အကယ်၍ အပြည့်အဝနေကြတ်ခြင်းကို သင်၏နေရာမှ**မြင်တွေ့နိုင်ပါက** သင့်အနေဖြင့် နေကြည့်မျက်မှန်ကိုအသုံးပြု၍ ကြည့်ရှု ရမည်ဖြစ်သည်။ ထိုသို့ကြည့်ရှုနေသည့်အချိန်နှင့်တစ်ပြိုင်နက်တည်းတွင် နေ၏တောက်ပသော မည်သည့်အစိတ်အပိုင်းကိုမဆို အလွန်တရာသေးငယ်နေသည့် အနေအထားတွင်ပင် တွေ့မြင်နိုင်မည်ဖြစ်သည်။ သင့်အနေဖြင့် ဤအချက်ကိုလိုက်နာရန် ပျက်ကွက်ပါက သင့်မျက်စိများအား ထာဝရထိခိုက်ပျက်စီးသွားစေနိုင်ပါသည်။

၁. သို့ရာတွင် **အပြည့်အဝနေကြတ်သောအချိန်တိုအတွင်း၌သာလျှင်** တောက်ပသောနေအဝန်းအပိုင်း၏ မည်သည့် အစိတ်အပိုင်းကိုမျှ မမြင်ရပါက သင့်အနေဖြင့် နေကြည့်မျက်မှန်ကို အသုံးမပြုဘဲ အလုံးစုံနေကြတ်ခြင်းကို တိုက်ရိုက် ကြည့်ရှုသင့်သည်။

၂. မှတ်သားရမည့်အချက်မှာ အပြည့်အဝနေကြတ်သည့်အချိန်တွင် သင့်အနေဖြင့် နေကြည့်မျက်မှန်ကိုအသုံးပြု၍ နေကို ကြည့်ရှုရန် ကြိုးစားပါက မည်သည့်အရာကိုမျှ မြင်တွေ့ရမည်မဟုတ်ပေ။

၃. အလုံးစုံနေကြတ်ချိန်ပြီးဆုံး၍ တောက်ပသောနေ၏အဝန်းအပိုင်းကို ပြန်လည်မြင်တွေ့ရသည်နှင့်တစ်ပြိုင်နက် သင့်အနေ ဖြင့် နေကြည့်မျက်မှန်ကို ပြန်လည်အသုံးပြုရမည်ဖြစ်သည်။

၅) တနည်းအားဖြင့်ဆိုရလျှင်

**တောက်ပသောနေအဝန်းအပိုင်း၏ မည်သည့်အစိတ်အပိုင်းကိုမဆို တွေ့မြင်နေရသည့်အခါတွင် သင့်အနေဖြင့် နေကိုကြည့်ရန်အတွက် နေကြည့်မျက်မှန်ကို အသုံးပြုရမည်ဖြစ်သည်။**

*© 2016-2017*
*Eclipse2017.org, inc.*

# နေကြည့်မျက်မှန်ကိုအသုံးပြုရန်အတွက်အသေးစိတ်လမ်းညွှန်ချက်များ

ဦးစွာပထမအားဖြင့် အောက်ဖော်ပြပါအခေါ်အဝေါ်များအား သင်သိရှိနားလည်ရန်လိုအပ်ပါသည်။

နေကြတ်မှုတစ်ခုစီတိုင်းနှင့် ကမ္ဘာပေါ်ရှိနေရာတစ်ခုစီကဲ့သို့သော အရေးပါသည့်အဖြစ်အပျက်အချိန်ပိုင်းများအတွက် သတ်မှတ်ပေးထားသော အမည်များ ရှိကြသည်။ ယင်းတို့မှာ -

| အဖြစ်အပျက် အမည် | အဖြစ်အပျက်အကြောင်း ရှင်းလင်းချက် | တွေ့မြင်ရမည့်ပုံစံ (အလုံးစုံနေကြတ်ခြင်းအတွက်) | တွေ့မြင်ရမည့်ပုံစံ (တစိတ်တပိုင်းနေကြတ်ခြင်းအတွက်) |
|---|---|---|---|
| C1 | တစိတ်တပိုင်းနေကြတ်ခြင်း စတင်ချိန် |  |  |
| C2 | အပြည့်အဝနေကြတ်ခြင်း စတင်ချိန် |  | ** ဖြစ်ပေါ်ခြင်းမရှိပါ ** |
| နေကြတ်ချိန် ဗဟိုချက် | နေကြတ်ခြင်းတဝက်သို့ ရောက်ရှိချိန် |  |  |
| C3 | အပြည့်အဝနေကြတ်ခြင်း ပြီးဆုံးချိန် |  | ** ဖြစ်ပေါ်ခြင်းမရှိပါ ** |
| C4 | တစိတ်တပိုင်းနေကြတ်ခြင်း ပြီးဆုံးချိန် |  |  |

© 2016-2017
Eclipse2017.org, inc.

## ၁) နေကြည့်မျက်မှန်ကို အသုံးပြုရန်အတွက် အခြေခံလမ်းညွှန်ချက်များ



၁) (ဖြစ်နိုင်လျှင်) နေကြည့်မျက်မှန်ပါကင်ကို ဂရုစိုက်တစိုက် ဖွင့်ဖောက်ပါ။

၂) နေကြည့်မျက်မှန်အား အသုံးမပြုချိန်တွင် လုံခြုံစွာထားပါ။

၃) နေကြည့်မျက်မှန်အား အသုံးပြုခါနီးဆဲဆဲအချိန်တိုင်းတွင် စစ်ဆေးကြည့်ရှုပါ။ အကယ်၍ မှန်ဘီလူး ဖလင်ပြားသည် ထိခိုက်ပျက်စီးနေခြင်း သို့မဟုတ် မည်သည့်ပုံစံဖြင့်မဆို တွန့်ခေါက်နေခြင်းများရှိပါက အဆိုပါ နေကြည့်မျက်မှန်အား တစစီညှပ်၍ဖျက်ဆီးပစ်ပါ။ ထို့နောက် [ထိခိုက်ခြင်းမရှိသော အခြားမျက်မှန် တစ်လက်အား ရယူပါ။]

၄) အကယ်၍ မှန်ဘီလူးဖလင်ပြားထိခိုက်ပျက်စီးနေပါက ထိုနေကြည့်မျက်မှန်အား မည်သည့်အချိန်တွင်မဆို နေအား ကြည့်ရှုရန် အသုံးမပြုပါနှင့်။

၅) နေကြည့်မျက်မှန်မှ မှန်ဘီလူးဖလင်ပြား အစိတ်အပိုင်းအား မဖယ်ရှားပါနှင့်။ ထို့အပြင် ဖယ်ရှားထုတ်ယူထား သော မှန်ဘီလူးဖလင်ပြားအစိတ်အပိုင်းအား မည်သည့်ပုံစံဖြင့်မဆို နေကိုကြည့်ရှုရန် အသုံးမပြုပါနှင့်။

၆) နေကြည့်မျက်မှန်၏ သေချာစွာတပ်ဆင်ထားသော ထိခိုက်ပျက်စီးခြင်းမရှိသည့် မှန်ဘီလူးများသည် မြင်တွေ့ရနိုင် သော အလင်းရောင်များ၏ အန္တရာယ်ရှိသောအဆင့်များကို ဘေးကင်းစွာတားဆီးပေးမည့်အပြင် ဒုက္ခပေးနိုင်သောခရမ်းလွန်ရောင်ခြည်နှင့် နေမှထွက်သော အခြား ရောင်ခြည်တန်းများကိုလည်း ကာကွယ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ဤလမ်းညွှန်ချက်တွင်ပါဝင်သော အညွှန်းများနှင့်အညီ နေကြည့်မျက်မှန်ကို အသုံးပြုကာ နေအား အချိန်မရွေးဘေးကင်းစွာကြည့်ရှုနိုင်မည်ဖြစ်သည်။ နေကြတ်ချိန်အတွင်း၌ နေကိုကြည့်ရှုရာတွင် ဖြစ်စေနိုင်သော အန္တရာယ်များကို ပိုများစေနိုင်သည့် သို့မဟုတ် လျော့နည်းစေနိုင်သည့် "နေကြတ်ချိန်တွင်ထွက်သော ရောင်ခြည်တန်း များ" ဟူ၍ မရှိပါ။

**၇) တောက်ပသောနေအဝန်းအပိုင်း၏ အစိတ်အပိုင်းတစ်ခုခုအား တွေ့မြင်ရချိန်တွင် သင့်အနေဖြင့် နေအားကြည့်ရှုရန် နေကြည့်မျက်မှန်ကို ယခု ဖော်ပြ ထားသော အချက်များအတိုင်း လိုက်နာအသုံးပြုရမည်ဖြစ်သည်။ သင့်အနေဖြင့် အခြားသောရင်းမြစ်များမှ ကူးယူမှတ်သားလာသော နေကြတ်ခြင်း အချိန်ကာလ (အမည်အားဖြင့် "C2" နှင့် "C3" ဟုအထက်တွင်ဖော်ပြထားသော) တစ်ခုခုအား ထည့်သွင်းစဉ်းစားရန်မလိုအပ်ပါ။**

၈) နေကြည့်မျက်မှန်အား အဝေးကြည့်မှန်ပြောင်း၊ နှစ်ဖက်ကြည့်မှန်ပြောင်း၊ ကင်မရာ၊ မှန်ဘီလူး၊ မှန် သို့မဟုတ် အလင်းထုတ်လွှင့်ပေးသော သို့မဟုတ် အလင်းပြန်စေသော အမြင်အာရုံဆိုင်ရာကိရိယာ သို့မဟုတ် စက်ပစ္စည်း ("အမြင်အာရုံဆိုင်ရာစက်") တစ်ခုခုနှင့် တွဲဖက်အသုံးပြုခြင်း မပြုပါနှင့်။

၉) ထိုသို့သော အမြင်အာရုံဆိုင်ရာစက်ပစ္စည်းများအား နေဆီသို့ သို့မဟုတ် နေရှိရာဖက်သို့ လှည့်ထားခြင်းမပြုပါနှင့်။ ထို့အပြင် နေကို တိုက်ရိုက်ကြည့်ရှုရန် အတွက် အမြင်အာရုံဆိုင်ရာစက်ကို နေဆီသို့ချိန်ခြင်း၊ သို့မဟုတ် ပုံစံတစ်မျိုးမျိုးဖြင့် နေရောင်ခြည်ကိုရယူခြင်း၊ ဆုံမှတ်ချိန်ညှိခြင်းနှင့် လမ်းကြောင်း ပြောင်းစေခြင်းတို့အား မည်သည့်အခါမျှ မပြုလုပ်ပါနှင့်။

၁၀) နေကြည့်မျက်မှန်အား တိရစ္ဆာန်များ သို့မဟုတ် နေကြည့်မျက်မှန်အား ဘေးကင်းစွာအသုံးပြုနိုင်ရန် လိုအပ်သောအချက်များကို ဖတ်ရှု၊ နားလည်၊ လိုက်နာရန် မတတ်နိုင်သောသူများ သို့မဟုတ် ယာယီအခိုက်အတန့်အားဖြင့် အဟန့်အတား ဖြစ်နေသောသူများ သို့မဟုတ် မိမိတို့လုပ်ဆောင်မှုများ၏ နောက်ဆက်တွဲဖြစ်ရပ်များကို တရားဝင် တာဝန်ယူရန် လက်မခံနိုင်သောသူများကို အသုံးပြုခွင့် မပေးပါနှင့်။

၁၁) နေကြည့်မျက်မှန်အားအသုံးပြုရန်အတွက် -

နေကြည့်မျက်မှန်ကို သင့်မျက်စိများနှင့်နေအကြားတွင် သေချာစွာကိုင်ထားပါ။ ထို့နောက် နေကြည့်မျက်မှန်၏ ထိခိုက်ပျက်စီးခြင်းမရှိသော မှန်ဘီလူးအစိတ်အပိုင်းမှတဆင့် နေဆီသို့ကြည့်ရှုပါ။ ကြည့်ရှုနေသာအချိန်တိုင်းတွင် နေကြည့်မျက်မှန်၏ မှန်ဘီလူးအစိတ်အပိုင်းကို သင့်မျက်စိများနှင့် နေအကြားတွင် သေချာစွာထားပါ။ ကတ်ထူပြားမျက်မှန်ပုံစံပြုလုပ်ထားသော နေကြည့်မျက်မှန်များအတွက် နေကြည့်မျက်မှန်အား သမရိုးကျမျက်မှန်များကဲ့သို့ တပ်ဆင်ရန်ကတ်ထူပြားကိုခေါက်၍ အသုံးပြုနိုင်သည်။ အလုံးစုံနေကြတ်ချိန်မှလွဲ၍ မည်သည့်အခါတွင်မျှ နေကိုတိုက်ရိုက်ကြည့်ရှုခြင်း မပြုပါနှင့်။ (အဆိုပါအချိန်မှာ C2 နှင့် C3 အကြားသို့ ရောက်ရှိနေသောအချိန်ဖြစ်ပြီး သင်၏နေရာမှ အဆိုပါ အချိန်များကို မြင်တွေ့နိုင်ပါက အောက်ပါဇယားတွင် မှတ်သားထားနိုင်မည်ဖြစ်သည်)။ အဆိုပါအချိန်မှလွဲ၍ ကျန်အချိန်များတွင် နေကြည့်မျက်မှန်၏ ထိခိုက် ပျက်စီးခြင်းမရှိသော မှန်ဘီလူးအစိတ်အပိုင်းမှတဆင့်သာ တိုက်ရိုက်ကြည့်ရှုရမည်ဖြစ်ပါသည်။



၁၂) နေကိုကြည့်ရှုရာ၌ နေကြည့်မျက်မှန်၏ မှန်ဘီလူးများထည့်သွင်းသောအကန့်များတွင် မူလထုတ်လုပ်စဉ်က ထည့်သွင်းပါရှိသော မှန်ဘီလူးများမှတပါး အခြားမည်သည့်အစိတ်အပိုင်း သို့မဟုတ် ပစ္စည်းကိုမျှ ထည့်သွင်းအသုံးမပြုပါနှင့်။

၁၃) သင့်အနေဖြင့် ဤလမ်းညွှန်ချက်များနှင့် ပတ်သက်၍ မေးမြန်းလိုသည်များရှိပါက ကျေးဇူးပြု၍ http://tinyurl.com/viewer-questions ၌ Eclipse2017.org သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

*© 2016-2017*
*Eclipse2017.org, inc.*

## ၂) သင့်နေရာအတွက် နေကြတ်မည့်အချိန်ကာလအသေးစိတ်ကို လေ့လာခြင်း

သင့်တည်နေရာအတွက် http://tinyurl.com/find-times တွင် ဖော်ပြထားသောအချက်အလက်များအပေါ် အခြေခံ၍ အောက်ပါတို့ကို ဖြည့်သွင်းပါ။

*ကျွန်ုပ်၏နေရာအတွက် နေကြတ်ခြင်းသည် -*

| အပြည့်အစုံ | မပြည့်မစုံ |
|---|---|

*(တစ်ခုကို ဝိုင်းထားပါ)*

| | |
|---|---|
| သင့်နေရာတွင်နေကြတ်ခြင်းသည်<br>*အလုံးစုံ* ဖြစ်မည်ဆိုပါက<br>အောက်ပါခေါင်းစဉ်အောက်တွင်<br>ပါဝင်သောလမ်းညွှန်ချက်များကို<br>လိုက်နာပါ<br><br>**"နေကြတ်ခြင်းသည် ကျွန်ုပ်၏နေရာတွင်**<br>***အလုံးစုံ***<br>**ဖြစ်ပါလိမ့်မည်"**<br><br>အောက်တွင်ကြည့်ပါ - | သင့်နေရာတွင်နေကြတ်ခြင်းသည်<br>*မပြည့်မစုံ* ဖြစ်မည်ဆိုပါက<br>အောက်ပါခေါင်းစဉ်အောက်တွင်<br>ပါဝင်သောလမ်းညွှန်ချက်များကို<br>လိုက်နာပါ<br><br>**"နေကြတ်ခြင်းသည် ကျွန်ုပ်၏နေရာတွင်**<br>***မပြည့်မစုံ***<br>**ဖြစ်မည်ဖြစ်ပါလိမ့်မည်"**<br><br>အောက်တွင်ကြည့်ပါ - |

© 2016-2017
Eclipse2017.org, inc.

## ** နေကြတ်ခြင်းသည် ကျွန်ုပ်၏နေရာတွင် *အလုံးစုံ* ဖြစ်ပါလိမ့်မည် **

သင်သည် အပြည့်အဝနေကြတ်ခြင်းကိုမြင်တွေ့ရမည့်လမ်းကြောင်းပေါ်တွင်ရှိနေပြီး ကြုံတောင့်ကြုံခဲအခိုက်အတန့်တစ်ခုကို ကြည့်ရှုသွားမည် ဆိုပါစို့။ သင့်နေရာတွင် နေကြတ်ခြင်းအလုံးစုံဖြစ်မည့်အချိန်ကို တွက်ချက်နိုင်ရန် အလွန်အရေးကြီးသည်။ ထိုသို့တွက်ချက်နိုင်ရန်အတွက် အောက်ပါ ဇယားရှိ သင်မှတ်သားထားသော အချိန်များကို ကိုးကားနိုင်သည်။ အလုံးစုံနေကြတ်ချိန်တွင် တောက်ပသောနေအဝန်းအဝိုင်း၏ မည်သည့် အစိတ်အပိုင်းကိုမျှ တွေ့မြင်ရမည် မဟုတ်သောကြောင့်လည်း ဖြစ်သည်။

၁) သင့်နေရာအတွက် http://tinyurl.com/find-times တွင်ဖော်ပြထားသောအချက်အလက်များအပေါ် မူတည်၍ နေကြတ်ခြင်းအခိုက်အတန့် ဖြစ်ပေါ်မည့်အချိန်များကို အောက်တွင်ရေးချထားပါ (သင်၏အချိန်ဇုန်အတွက် အချိန်တိုက်နိုင်ရန်)။

| | | | | | |
|---|---|---|---|---|---|
| *C1 မတိုင်မီ* | * နေကြတ်ခြင်းမရှိပါ * | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |
| *C1* | တစိတ်တပိုင်း နေကြတ်ခြင်း စတင်ချိန် | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |
| *C2* | အလုံးစုံ နေကြတ်ခြင်း စတင်ချိန် | |  |  | **C2 အချိန်ပြီးပါက** မျက်မှန်မပါဘဲ ကြည့်ရှုနိုင်သည် |
| *နေကြတ်ချိန် ဗဟိုချက်* | ဖြစ်ပေါ်သည့် အချိန် | |  |  | **မျက်မှန်မပါဘဲ ကြည့်ရှုနိုင်သည်** |
| *C3* | အလုံးစုံ နေကြတ်ခြင်း ပြီးဆုံးချိန် | |  |  | နေကြည့်မျက်မှန်ကို ပြန်လည် **အသုံးပြုရမည်** |
| *C4* | တစိတ်တပိုင်း နေကြတ်ခြင်း ပြီးဆုံးချိန် | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |
| *C4 ပြီးနောက်* | * နေကြတ်ခြင်းမရှိပါ* | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |

၂) သင့်အနေဖြင့် အပြည့်အဝနေကြတ်ခြင်းကိုမြင်ရသည့်လမ်းကြောင်းပေါ်တွင် ရှိနေသော်ငြားလည်း သင်သည် အလုံးစုံနေကြတ်ချိန် မဟုတ်သည့် C2 မစတင်မီအချိန်နှင့် C3 ပြီးဆုံးချိန်များတွင် နေကိုကြည့်ရန်အတွက် နေကြည့်မျက်မှန်ကို **မဖြစ်မနေ** တောက်လျှောက်အသုံးပြုရမည်ဖြစ်သည်။

© 2016-2017
Eclipse2017.org, inc.

၃) သင့်အနေဖြင့် အောက်ပါအချိန်များတွင်သာ (နေကြည့်မျက်မှန်ကိုအသုံးမပြုဘဲ) နေကိုတိုက်ရိုက်ကြည့်ရှု နိုင်မည်ဖြစ်သည်။

- (က) သင့်နေရာတွင်အလုံးစုံနေကြတ်ခြင်းဖြစ်ပေါ်လျှင် (သင်သည်လမ်းကြောင်းပေါ်တွင်ရှိနေလျှင်)
- (ခ) အလုံးစုံနေကြတ်ခြင်းဖြစ်ပေါ်နေသောအချိန်များတွင် (ခန့်မှန်းခြေအားဖြင့် အထက်တွင် သင်ရေးမှတ်ထားသော C2 နှင့် C3 ကြားကာလတွင်)၊
- (ဂ) **နေ၏တောက်ပသောအဝန်းအဝိုင်းအားလုံးကို လမှ လုံးဝကွယ်ထားသောအချိန်**

အလုံးစုံနေကြတ်မည့် အချိန်များသည် သင့်တည်နေရာ အတိအကျပေါ်မူတည်၍ များစွာကွာခြားမည်ဖြစ်သည်။ ထို့ကြောင့် သင့်အနေဖြင့် ခန့်မှန်းခြေအချိန်များကို ကြိုတင်၍ တွက်ချက်မှတ်သားထားရမည်ဖြစ်သည်။ အထက်တွင် သင်ရေးမှတ်ထားသော အချိန်များသည် ခန့်မှန်းခြေသာဖြစ်သည်။

၄) ထပ်မံ၍ပြောလိုသည်မှာ အထက်ပါဇယားတွင် ရေးမှတ်ထားသော အချိန်များတွင်ဖြစ်စေ သို့မဟုတ် အခြား ပြင်ပရင်းမြစ် များမှ ရရှိသောအချိန်များတွင်ဖြစ်စေ **နေ၏တောက်ပသောအဝန်းအဝိုင်း၏ မည်သည့်အပိုင်းကိုမဆို တွေ့မြင်နေရသည့် အချိန်တိုင်းတွင် သင့်အနေဖြင့် နေကိုကြည့်ရှုရန်အတွက် နေကြည့်မျက်မှန်ကို အမြဲတမ်း အသုံးပြုရမည်ဖြစ်သည်။**

၅) ဤလမ်းညွှန်ချက်များကို ပိုမိုသိရှိနားလည်နိုင်စေရန်အတွက် ရှင်းပြချက်ရုပ်ပုံများကိုပါ ပူးတွဲဖော်ပြပေးထားသည်။

---

***သင့်အနေဖြင့် အောက်ပါအချက်များကို ဖတ်ရှု/နားလည်၊ လိုက်နာရမည်ဖြစ်သည်။***

## ကျွန်ုပ်အနေဖြင့် နေကြည့်မျက်မှန်ကို ဘေးကင်းစွာအသုံးပြုနိုင်ရန်အတွက် လမ်းညွှန်ချက်များ အားလုံး ကိုလိုက်နာရမည်ဖြစ်သည်။

## တောက်ပသော နေအဝန်းအဝိုင်း၏ မည်သည့်အပိုင်းကိုမဆို တွေ့မြင်ရသည့်အချိန်တွင် နေကိုကြည့်ပါက ကျွန်ုပ်အနေဖြင့် နေကြည့်မျက်မှန်ကို အသုံးပြုရမည်ဖြစ်သည်။

## ** နေကြတ်ခြင်းသည် ကျွန်ုပ်၏နေရာတွင် *မပြည့်မစုံ* သာဖြစ်မည်ဖြစ်သည် **

သင်သည် အပြည့်အဝနေကြတ်ခြင်းကို မြင်တွေ့ရသောလမ်းကြောင်းပေါ်တွင် ရှိမနေပါ။ ထို့ကြောင့် အလုံးစုံနေကြတ်ခြင်း အလှအပကို ခံစားခွင့်ရမည် မဟုတ်ပေ။ (ဤထူးခြားသောအတွေ့အကြုံကို ရရှိနိုင်ရန်အတွက် သင်၏နေရာအား အလုံးစုံနေ ကြတ်ခြင်းကိုမြင်ရသည့်လမ်းကြောင်းပေါ်သို့ ပြန်လည် ပြောင်းရွှေ့ရန် ကျွန်ုပ်တို့မှ လေးလေးနက်နက် တိုက်တွန်းလိုပါသည်)

၁) သင့်နေရာအတိအကျအတွက် http://tinyurl.com/find-times တွင် ဖော်ပြထားသော အချက်အလက်များ အပေါ်မူတည်၍ နေကြတ်ခြင်း အခိုက်အတန့်တစ်ခုစီဖြစ်ပေါ်မည့် အချိန်များကိုအောက်တွင်ရေးချထားပါ (သင်၏အချိန်ဇုန် အတွက် အချိန်တိုက်နိုင်ရန်)

| | | | | | |
|---|---|---|---|---|---|
| *C1 မတိုင်မီ* | * နေကြတ်ခြင်းမရှိပါ* | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |
| *C1* | တစိတ်တပိုင်း နေကြတ်ခြင်း စတင်ချိန် | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |
| *နေကြတ်ချိန် ဗဟိုချက်* | ဖြစ်ပေါ်မည့် အချိန် | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |
| *C4* | တစိတ်တပိုင်း နေကြတ်ခြင်း ပြီးဆုံးချိန် | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |
| *C4 ပြီးဆုံးချိန်* | * နေကြတ်ခြင်းမရှိပါ * | |  |  | နေကြည့်မျက်မှန်ကို **အသုံးပြုရမည်** |

*(သင်၏နေရာတွင် နေကြတ်ခြင်းသည် မပြည့်မစုံသာဖြစ်မည်ဖြစ်သောကြောင့် ဇယားတွင် C2 နှင့် C3 မပါဝင်သည်ကိုသတိပြုပါ)*

၂) **သင်၏နေရာတွင် နေကြတ်ခြင်းသည် မပြည့်မစုံသာဖြစ်မည်ဖြစ်သောကြောင့် သင့်အနေဖြင့် နေကိုကြည့်ရှုသည့်အခါတိုင်း နေကြည့်မျက်မှန် ကို အသုံးပြုရမည်ဖြစ်သည်။** အပြည့်အဝနေကြတ်ခြင်းကို မြင်ရသည့်လမ်းကြောင်းပေါ်သို့ပြောင်းရွှေ့ရန် ကျွန်ုပ်တို့ထပ်မံ၍ တိုက်တွန်း လိုပါသည်။ နေကြည့်မျက်မှန်ကို သင်နှင့်အတူယူဆောင်သွားပါ။ သို့မှသာ သင့်အနေဖြင့် တစိတ်တပိုင်း နေကြတ်ခြင်းအခိုက်အတန့်များကို ဘေးကင်းစွာ ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၃) ဤလမ်းညွှန်ချက်များကို ပိုမိုသိရှိနားလည်နိုင်စေရန်အတွက် ရှင်းပြချက်ရုပ်ပုံများကိုပါ ပူးတွဲဖော်ပြပေးထားသည်။

---

***သင့်အနေဖြင့် အောက်ပါအချက်များကို ဖတ်ရှု/နားလည်၊ လိုက်နာရမည်ဖြစ်သည်။***

**ကျွန်ုပ်သည် နေကြည့်မျက်မှန်ကို ဘေးကင်းစွာအသုံးပြုနိုင်ရန်အတွက် လမ်းညွှန်ချက်များအားလုံးကို မဖြစ်မနေ လိုက်နာသွားမည်ဖြစ်သည်။**

**တောက်ပသောနေအဝန်းအပိုင်း၏ မည်သည့်အပိုင်းကိုမဆို တွေ့မြင်ရသည့်အချိန်တွင် နေကိုကြည့်ရှုနေခြင်းဖြစ်ပါက နေကြည့်မျက်မှန်ကို အသုံးပြုသွားမည်ဖြစ်သည်။**

© 2016-2017
Eclipse2017.org, inc.